# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လူမှုဝန်ထမ်းဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ်၊ ၂ / ၂၀၂၀

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### ကလေးသူငယ် မွေးစားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၁။ ဤလုပ်ထုံးလုပ်နည်းများကို ကလေးသူငယ်မွေးစားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) ဥပဒေ ဆိုသည်မှာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကိုဆိုသည်။

(ခ) ပုံစံ ဆိုသည်မှာ ဤ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် ပုံစံများကို ဆိုသည်။

၃။ ကလေးသူငယ်မွေးစားခြင်းကို မြန်မာဗုဒ္ဓဘာသာဝင် မိဘများက တည်ဆဲ ကိတ္တိမ မွေးစားခြင်းဆိုင်ရာ အက်ဥပဒေနှင့်အညီ သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် မှတ်ပုံတင်၍ မွေးစားနိုင်သကဲ့သို့ မည်သည့်ဘာသာဝင်မဆို မြန်မာနိုင်ငံသား တစ်ဦးဦးက ဥပဒေ ပုဒ်မ ၂၅ အရ ကလေးသူငယ်ကို မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်နိုင်ပါက

ကလေးသူငယ်အား သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံတွင် မွေးစားစာချုပ်ကို မှတ်ပုံတင်၍ မွေးစားပိုင်ခွင့် ရှိပါသည်။

၄။ ဥပဒေအရ ကလေးသူငယ်အား မွေးစားမည့် မိဘသည် -

(က) မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ပြီး အရွယ်ရောက်ခြင်း အက်ဥပဒေ အရ အသက် ၁၈ နှစ်ပြည့်ပြီးသည့် မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) မိဘအရင်းသဖွယ် ကလေးသူငယ်အား မိဘဝတ္တရားနှင့်အညီ ပြုစုစောင့်ရှောက်၍ ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားကို ဖြည့်ဆည်းနိုင်သူဖြစ်ရမည်။

(ဂ) အိမ်ထောင်ရှိပါက ကလေးသူငယ် မွေးစားခွင့်ပြုရန် လျှောက်လွှာ(ပုံစံ-က)တွင် မွေးစားမည့်သူနှင့် ၎င်း၏ ခင်ပွန်း သို့မဟုတ် ဇနီးတို့က သဘောတူ လက်မှတ်ရေးထိုးရမည်။

(ဃ) ကလေးသူငယ်၏ မိဘအရင်းရှိလျှင် မိဘအရင်း၏ သဘောတူညီချက် ရယူရမည်။ မိဘအရင်း မရှိဘဲ အုပ်ထိန်းသူရှိပါက အုပ်ထိန်းသူ၏ သဘောတူညီချက် ရယူရမည်။

(င) ကလေးသူငယ်၏ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေး နှင့် လူမှုရေးတို့အတွက် ဖြည့်ဆည်းပေးနိုင်သူဖြစ်ရမည်။

(စ) ကလေးသူငယ်အား ပြုစုစောင့်ရှောက်နိုင်သည့် စီးပွားရေး အခြေအနေ၊ အလုပ်အကိုင် ရှိရမည်။

(ဆ) စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသူ ဖြစ်ရမည်။

၅။ မြန်မာနိုင်ငံသား တစ်ဦးဦးသည် ဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ (က) ပါ ကလေးသူငယ်ကို မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် လျှောက်ထားနိုင်သည် -

(က) မိဘမဲ့ ကလေးသူငယ်၊

(ခ) မိဘက ပြုစုစောင့်ရှောက်နိုင်ခြင်း မရှိသော ကလေးသူငယ် သို့မဟုတ် မိဘက ပြုစုစောင့်ရှောက်သော်လည်း ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွား များကို ဖြည့်ဆည်းပေး နိုင်ခြင်း မရှိသည့် ကလေးသူငယ်၊

(ဂ) မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့် အမြဲတမ်း ကွဲကွာနေသည့် အပြင် ဆွေမျိုးသားချင်းကလည်း ပြုစုစောင့်ရှောက်နိုင်ခြင်း မရှိသော ကလေးသူငယ်၊

၆။ မွေးစားမိဘသည် -

(က) ကလေးသူငယ်ကို မွေးစားခြင်းနှင့်စပ်လျဉ်း၍ ကလေးသူငယ် မွေးစားခွင့်ပြုရန် လျှောက်လွှာ(ပုံစံ-က)ဖြင့် သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိထံသို့ လျှောက်ထားရမည်။ ထိုသို့ လျှောက်ထားရာတွင် လျှောက်လွှာ (ပုံစံ-က) နှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်-

(၁) မွေးစားစာချုပ် (ပုံစံ-ခ)၊

(၂) မွေးစားမိဘများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စု စာရင်းမိတ္တူ၊

(၃) ကလေးသူငယ်၏ မွေးစာရင်းမိတ္တူ (ရှိလျှင်)၊

(၄) မွေးစားမိဘ၏ ကျန်းမာရေး ကောင်းမွန်ကြောင်း မှတ်ပုံတင် ဆရာဝန် ၏ ဆေးထောက်ခံချက်၊

(၅) မွေးစားမိဘများ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်း ထောက်ခံစာ၊

(၆) မည်သည့် ကျေးရွာအုပ်စု၊ ရပ်ကွက်အတွင်း မွေးစားမိဘများ နေထိုင် ကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ၊

(ဂ) မွေးစားမိဘများ၏ ပိုင်ဆိုင်မှု၊ ဝင်ငွေနှင့် စီးပွားရေးအခြေအနေ အလုပ်အကိုင် အထောက်အထား မိတ္တူ။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပြန်ထားသည့် တာဝန်နှင့် စည်းကမ်းချက်များ သို့မဟုတ် တားမြစ်ချက်များကို လိုက်နာရမည်။

၇။ ကလေးသူငယ် မွေးစားရာတွင်-

(က) ကလေးသူငယ်သည် မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူ ဖြစ်ရမည်။

(ခ) ပရဟိတဂေဟာ တစ်ခုခုရှိ ကလေးသူငယ် ဖြစ်ပါက မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ကြောင်း ဂေဟာမှူး၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီတို့၏ ထောက်ခံချက်များ ပါရှိရမည်။

(ဂ) မိဘမဲ့ ကလေးသူငယ် ဖြစ်ပါက မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပါရှိရမည်။

(ဃ) စွန့်ပစ်ကလေးသူငယ် ဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ စွန့်ပစ်ကလေးသူငယ်ဖြစ်ကြောင်း ထောက်ခံချက် ပါရှိရမည်။

(င) လူမှုဝန်ထမ်းဦးစီးဌာနမှ စောင့်ရှောက်ထားရှိသော ကလေးသူငယ် ဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး၏ ထောက်ခံချက် ပါရှိရမည်။

၈။ သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိသည် ဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) အရ ကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်ပြီး -

(က) အပိုဒ် ၄၊ ၅၊ ၆ နှင့် ၇ တို့ပါ လိုအပ်ချက်များနှင့် ကိုက်ညီပြည့်စုံမှု ရှိ မရှိ သက်ဆိုင်သူများအား စစ်ဆေးခြင်း ပြုလုပ်ပြီး ကိုက်ညီပြည့်စုံမှု ရှိပါက မွေးစားစာချုပ်ကို မှတ်ပုံတင်၍ ခွင့်ပြုရမည်။

(ခ) အပိုဒ်ခွဲ (က) အရ စစ်ဆေးရာတွင် လိုအပ်ချက်များနှင့် ကိုက်ညီ ပြည့်စုံမှု မရှိကြောင်း သို့မဟုတ် ကိုက်ညီ ခြင်း ရှိမရှိ သံသယရှိကြောင်း တွေ့ရှိပါက မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ ထောက်ခံချက် နှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ မွေးစားခွင့်ပြုကြောင်း အတည်ပြုချက်တို့ကို ရရှိမှသာ မွေးစားစာချုပ်ကို မှတ်ပုံတင်၍ မွေးစားခွင့်ပြုရမည်။

(ဂ) အထက်အပိုဒ် (ခ)တွင် ဖော်ပြထားသည့် မြို့နယ်ကလေးသူငယ် အခွင့်အရေး များဆိုင်ရာ ကော်မတီ၏ ထောက်ခံချက်နှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ ခွင့်ပြု ချက်မရရှိပါက မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် လျှောက်ထားချက်ကို ငြင်းပယ် ရမည်။

(ဃ) အထက်အပိုဒ်ခွဲ (က)နှင့် (ခ) အရ ကလေးသူငယ်အား မွေးစားခွင့်ပြုပါက မွေးစားခြင်း မှတ်ပုံတင်စာချုပ်တွင် မှတ်ပုံတင်ပြီး မွေးစားခွင့်ပြုသည့် အမိန့် ပုံစံ(ဂ)ကို မွေးစားမိဘအား ထုတ်ပေးရမည်။

(င) မှတ်ပုံတင်၍ မွေးစားခွင့်ပြုသည့် မွေးစားမိဘနှင့် မွေးစားကလေးသူငယ်တို့၏ စာရင်းကို လူမှုဝန်ထမ်းဦးစီးဌာနသို့ ခုနစ်ရက်အတွင်း အစီရင်ခံရမည်။

၉။ သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိက မွေးစားခြင်းကို မှတ်ပုံတင်ပေးသည့်အခါ မွေးစားခြင်း မပြုမီက မွေးစားခံရသည့် ကလေးသူငယ်သည် ၎င်း၏

မိဘများနှင့် အုပ်ထိန်းသူများတွင် ရှိခဲ့သော အမွေဆက်ခံခွင့် အခွင့်အရေးများနှင့် တာဝန်များ ရပ်ဆိုင်းပြီး မွေးစားမိဘများထံမှသာ အမွေဆက်ခံခွင့် ရရှိစေရမည်။

၁၀။ မွေးစားခံရသည့် ကလေးသူငယ်သည် မွေးစားမိဘနှင့် သက်ဆိုင်သည့်ဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အောက်ပါအတိုင်း မွေးစားမိဘ၏ အမွေဆက်ခံရန် အခွင့်အရေးနှင့် အခြားအခွင့်အရေးများ ရရှိစေရမည်-

(က) မွေးစားမိဘသည် မြန်မာဗုဒ္ဓဘာသာဝင်ဖြစ်လျှင် မွေးစားခံရသည့် သားသမီး သည်-

(၁) မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ထိမ်းမြားခြင်း၊ လင်မယားကွာရှင်းခြင်းနှင့် ပစ္စည်းခွဲဝေခြင်း၊ ပြန်လည်ပေါင်းသင်းခြင်း၊ မယားစရိတ်၊ ကလေးစရိတ် တောင်းခံခြင်း၊ သားသမီး မွေးစားခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်းနှင့် ဦးစွာဝယ်ယူပိုင်ခွင့်ရှိခြင်း စသည့် အခွင့်အရေး နှင့် တာဝန်များရှိသည်။

(၂) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေအရ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများက ဗုဒ္ဓဘာသာဝင် မဟုတ်သော အခြား ဘာသာဝင် ယောက်ျားတို့နှင့် ထိမ်းမြားခြင်း၊ လင်မယား ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း နှင့် သားသမီး ထိန်းသိမ်းခြင်းဆိုင်ရာ အခွင့်အရေး နှင့် တာဝန်များရှိသည်။

(၃) ကိတ္တိမ မွေးစားခြင်း မှတ်ပုံတင် အက်ဥပဒေ (The Registration of Kittima Adoptions Act, 1939) အရ မြန်မာဗုဒ္ဓဘာသာ ဓလေ့ ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးရန် ရည်ရွယ်ချက်ဖြင့် ကိတ္တိမသားသမီးအဖြစ် မှတ်ပုံတင်၍ မွေးစားခွင့်ရှိသည်။

( ခ) မွေးစားမိဘသည် ခရစ်ယာန်ဘာသာဝင်ဖြစ်လျှင် မွေးစားခံရသည့် သားသမီးသည်-

(၁) ခရစ်ယာန်ဘာသာဝင်များ လက်ထပ်ထိမ်းမြားခြင်း အက်ဥပဒေ (The Christian Marriage Act, 1872) အရ မှတ်ပုံတင်၍ လက်ထပ်ထိမ်းမြားမင်္ဂလာ ပြုလုပ်ခြင်းဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များရှိသည်။

(၂) မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေ (The Myanmar Divorce Act, 1869) အရ လင်မယား ကွာရှင်းခြင်း၊ ထိမ်းမြားမှုပျက်ပြယ်ခြင်း၊ လင်မယား ပြန်လည်ပေါင်းသင်းခြင်း၊ မယားစရိတ်တောင်းခံခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ သားသမီးများ အုပ်ထိန်းခြင်းနှင့်နောက်ထပ် ထိမ်းမြားခြင်းဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များရှိသည်။

(၃) အမွေဆက်ခံခြင်း အက်ဥပဒေ (The Succession Act, 1925) အရ သေတမ်းစာ မရှိသည့် ပစ္စည်းကို အမွေဆက်ခံခြင်း၊ အမွေဆက်ခံခွင့်လက်မှတ်နှင့် အမွေထိန်းလက်မှတ် လျှောက်ထားခြင်း၊ ပေးကမ်းခြင်း၊ သေသူပိုင် ပစ္စည်းကို ကာကွယ်ခြင်း၊ သားသမီး အုပ်ထိန်းခြင်း၊ သေတမ်းစာ အတည်ပြုခြင်း၊ သေတမ်းစာဖျက်သိမ်းခြင်း၊ သေတမ်းစာအတည်ပြုလက်မှတ် လျှောက်ထားခြင်း စသည့် အခွင့်အရေးနှင့်တာဝန်များ ရှိသည်။

( ဂ) မွေးစားမိဘသည် အစ္စလာမ် ဘာသာဝင်ဖြစ်လျှင် မွေးစားခံရသည့် သားသမီးသည်-

(၁) အစ္စလာမ်တရားဥပဒေ (မဟာမေဒင်ဥပဒေ သို့မဟုတ် မူဆလင်ဥပဒေ) အရ ထိမ်းမြားလက်ထပ်ခြင်း၊ လင်မယားကွာရှင်းခြင်း၊ မယားစရိတ်၊

(၂) ဟိန္ဒူဘာသာဝင်များနှင့်စပ်လျဉ်း၍ ဟိန္ဒူဓလေ့ထုံးတမ်း ဥပဒေတို့ပါ အခွင့်အရေးနှင့် တာဝန်များအပြင် ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေများဖြစ်သည့် The Hindu Widows' Re-marriage Act, 1856; the Anand Marriage Act, 1909; the Hindu Disposition of Property Act, 1916; the Caste Disabilities Removal Act, 1850; the Hindu Inheritance (Removal of Disabilities) Act, 1928; the Hindu Law of Inheritance Amendment Act, 1929; the Hindu Gains of Learning Act, 1930 တို့ပါ ဟိန္ဒူမုဆိုးမများ ထပ်မံထိမ်းမြား လက်ထပ်ခြင်း၊ ဟိန္ဒူ (Anand) လူမျိုးများ၏ ထိမ်းမြားလက်ထပ်ခြင်း၊ အမွေဆက်ခံခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ ဇာတ် (Caste) မတူသူများ၏ အမွေဆက်ခံခြင်း အပါအဝင် အခြားအခွင့်အရေးများနှင့် ဟိန္ဒူလူမျိုး များ၏ ပစ္စည်းရယူပိုင်ခွင့် အခွင့်အရေးများ စသည့် အခွင့်အရေး နှင့် တာဝန်များ ရှိသည်။

၁၁။ တည်ဆဲ ကိတ္တိမမွေးစားခြင်း မှတ်ပုံတင်အက်ဥပဒေအရ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး တွင် ဖြစ်စေ၊ ဥပဒေအရ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိထံတွင်ဖြစ်စေ ကလေး သူငယ် မွေးစားစာချုပ်ကို မှတ်ပုံတင်၍ မွေးစားသည့် မိဘသည်-

(က) မွေးစားသည့် ကလေးသူငယ်နှင့်စပ်လျဉ်း၍ ပြုစုစောင့်ရှောက်မှု အခြေအနေ နှင့် ထိုကလေးသူငယ်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို သတ်မှတ်ချက်များနှင့် အညီ သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိထံသို့ အစီရင်ခံရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပြန်ထားသည့် တာဝန်နှင့် စည်းကမ်းချက် သို့မဟုတ် တားမြစ်ချက်များကို လိုက်နာရမည်။

သားသမီး စရိတ် လျှောက်ထားတောင်းဆိုခြင်း၊ သားသမီး မွေးစားခွင့် မပြုခြင်း၊ သားသမီး အုပ်ထိန်းခြင်း၊ ပေးကမ်းခြင်း၊ ဝါကပ်ဖ် (Wakf) ဆိုင်ရာ ပစ္စည်း ပေးကမ်းလှူဒါန်းမှု ပြုလုပ်ခြင်း၊ ဦးစွာဝယ်ယူပိုင်ခွင့် ရှိခြင်း၊ သေတမ်းစာ ပြုလုပ်ခြင်းနှင့် ရုပ်သိမ်းခြင်း၊ အမွေဆက်ခံခြင်း ဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များရှိသည်။

(၂) မူဆလင် ဝါကပ်ဖ် တရားဝင် ခိုင်မြဲစေရေး အက်ဥပဒေ (Mussalman Wakf Validating Act, 1913) အရ မူဆလင် ပစ္စည်းများ ပေးကမ်း လှူဒါန်းမှုကို တရားဝင်စေရန် ပြုလုပ်နိုင်သည်။

(၃) ၁၉၅၃ ခုနှစ်၊ မူဆလင် လင်မယားကွာရှင်းရေး အက်ဥပဒေအရ လင် မယားကွာရှင်းခွင့်ရသည့်အချက်များ၊ လင်မယားကွာရှင်းခွင့် ဒီကရီကို ပယ်ဖျက်ခြင်း၊ မူဆလင်ဇနီးက အခြားဘာသာသို့ ကူးပြောင်းပါက လင်မယားကွာရှင်းပြီးဖြစ်ခြင်း စသည့် အခွင့်အရေးနှင့် တာဝန်များရှိ သည်။

(ဃ) မွေးစားမိဘသည် ဟိန္ဒူဘာသာဝင်ဖြစ်လျှင် မွေးစားခံရသည့် သားသမီးသည်-

(၁) ဟိန္ဒူဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ ထိမ်းမြားလက်ထပ်ခြင်း၊ ငယ်ရွယ် သူ ကလေးသူငယ်များအား ထိမ်းမြားမှု တားမြစ်ခြင်း၊ ဇာတ် (Caste) မတူသူများ ထိမ်းမြားခြင်း၊ လင်မယားကွာရှင်းခြင်းနှင့် ပစ္စည်းခွဲဝေ ခြင်း၊ မယားစရိတ်နှင့် သားသမီးစရိတ် တောင်းခံခြင်း၊ မုဆိုးမ နောက် အိမ်ထောင်ပြုခြင်း၊ သေတမ်းစာပေးခြင်း၊ သားသမီး မွေးစားခြင်း၊ သားသမီး အုပ်ထိန်းခြင်း၊ ပေးကမ်းခြင်း၊ မိသားစုပိုင်ပစ္စည်း ခွဲဝေခြင်း နှင့် အမွေဆက်ခံခြင်းဆိုင်ရာ အခွင့်အရေး နှင့် တာဝန်များရှိသည်။

၁၂။ (က) ကလေးသူငယ်ကို မွေးစားလိုသော မြန်မာဗုဒ္ဓဘာသာဝင် မိဘသည် သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိထံတွင် မှတ်ပုံတင်၍ မွေးစားခြင်း မပြုဘဲ မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်ပေးရန် ရည်ရွယ်ချက်ဖြင့် ကိတ္တိမ သားသမီးအဖြစ် သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တည်ဆဲ ကိတ္တိမမွေးစားခြင်း မှတ်ပုံတင်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မွေးစားစာချုပ်ကို မှတ်ပုံတင်၍ မွေးစားနိုင်သည်။

(ခ) သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးသည် ဥပဒေကို ပြဋ္ဌာန်းသည့် ၂၃-၇-၂၀၁၉ ရက်နေ့မှစ၍ တည်ဆဲ ကိတ္တိမမွေးစားခြင်း မှတ်ပုံတင်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မွေးစားစာချုပ်ကို မှတ်ပုံတင်သည့်အခါ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအရ မွေးစားသားသမီးများ၏ အခွင့်အရေးများ ခံစားနိုင်စေရန်အလို့ငှာ မွေးစားစာချုပ် မှတ်ပုံတင်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ထိုမွေးစားစာချုပ် မိတ္တူကို သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိထံသို့ ပေးပို့အကြောင်းကြားရမည်။

၁၃။ သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိသည် -

(က) မိမိရုံးတွင် မွေးစားစာချုပ်ကို မှတ်ပုံတင်ပြီးနောက် မွေးစားမိဘက မွေးစားခြင်းဆိုင်ရာ တာဝန်နှင့် စည်းကမ်းချက်များ သို့မဟုတ် တားမြစ်ချက်များကို ဖောက်ဖျက်ခြင်း ရှိမရှိ နှင့် မွေးစားကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားကို ဖြည့်ဆည်းပေးနိုင်ခြင်း ရှိမရှိ တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်လူမှုဝန်ထမ်းရုံးများမှ ဖြစ်ရပ်စီမံခန့်ခွဲသူများအား အနည်းဆုံး (၆)လတစ်ကြိမ် အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်နိုင်ရေး လမ်းညွှန်ကြီးကြပ်ပေးခြင်း နှင့် မွေးစားမိဘနှင့် ကလေးငယ်၏ အခြေအနေ အပေါ်

မှုတည်၍ ကွင်းဆင်းဆောင်ရွက်သည့် အချိန်ကာလအား ပြောင်းလဲ သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

( ခ) သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးက တည်ဆဲ ကိတ္တိမ မွေးစားခြင်း မှတ်ပုံတင်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင် မွေးစားစာချုပ်ကို ပေးပို့လာသည့်အခါ မွေးစားမိဘက မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်ခြင်း ရှိ မရှိ၊ မွေးစားကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားကို ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ မရှိ စသည့် ကလေးသူငယ်၏ အခွင့် အရေးတို့ကို သတ်မှတ်ချက်များနှင့်အညီ စုံစမ်းခြင်း၊ စောင့်ကြည့်ခြင်း၊ လိုအပ်ပါက စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပြီး အဆိုပါ ကလေးသူငယ်၏ အခွင့်အရေးကို လျစ်လျူရှုကြောင်း တွေ့ရှိပါက သဘောထားမှတ်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။

၁၄။ လူမှုဝန်ထမ်းဦးစီးဌာနသည်-

(က) သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိမှ တင်ပြလာခဲ့သည့် ကလေးသူငယ် အခွင့်အရေးများကို လျစ်လျူရှုကြောင်း စုံစမ်းစစ်ဆေး တွေ့ရှိချက်များကို စိစစ်၍ မွေးစားခြင်းကို ပယ်ဖျက်သည့် အမိန့် သို့မဟုတ် အခြားသင့်လျော်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ချမှတ်ရမည်။

(ခ) ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မွေးစားကလေးသူငယ်၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးများနှင့် မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိများအား လမ်းညွှန်ကြီးကြပ်ခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊

အဖွဲ့အစည်းများနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း တို့ကို ဆောင်ရွက်ပေးရမည်။

ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန

စာအမှတ်၊ ၁၄ ၁၅၁ / ဝ၅၃ / ၂-၁၆ / ၂၀၂၀
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၂၈ရက်
ဖြန့်ဝေခြင်း

- နိုင်ငံတော်သမ္မတရုံး၊
- ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊
- ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး၊
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊
- ပြည်ထောင်စုရှေ့နေချုပ်ရုံး၊
- ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊
- ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊
- နေပြည်တော်ကောင်စီ၊
- တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ရုံးများ
- ညွှန်ကြားရေးမှူးချုပ်
  ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

မိတ္တူကို-

(၁) ရုံးလက်ခံ (၂) မျှောစာတွဲ (၃) စာတွဲအမှတ်၊ ၉၉၉ / ၁-၂ / ၂၀၂၀

[၂၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း]

(Court Fees Stamps Ks.200)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

## ကလေးသူငယ် မွေးစားခွင့်ပြုရန် လျှောက်လွှာ

သို့

မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိ၊

တိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၊

....................တိုင်းဒေသကြီး/ ပြည်နယ်။

ရက်စွဲ ၊.......ခုနှစ်၊.........လ (...) ရက်

အကြောင်းအရာ။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအရ ကလေးသူငယ် မွေးစားခွင့် လျှောက်ထားခြင်း

၁။ ........................တိုင်းဒေသကြီး/ ပြည်နယ်၊ ................. ခရိုင်၊ .....................မြို့နယ်၊ ....................ရပ်ကွက် / ကျေးရွာ၊ ......................လမ်း၊ အမှတ် ( ) နေ ဦး ................. ၊ ဒေါ် .................... သည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်အညီ ကလေးသူငယ်ကို မွေးစားလိုပါ၍ အောက်ဖော်ပြပါ အချက်အလက်များ ဖော်ပြပြီး မှတ်ပုံတင်မွေးစားခွင့်ပြုရန် လျှောက်ထားအပ်ပါသည်-

(က) မွေးစားမည့် ဖခင် -

(၁) အမည် ....................................

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ....................

(၃) အသက်နှင့်မွေးသက္ကရာဇ် ..........................

(၄) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ....................

(၅) ပညာအရည်အချင်း ..........................

(၆) ပျှမ်းမျှ ဝင်ငွေ / အလုပ်အကိုင် ........................

(၇) အိမ်ထောင် ရှိ မရှိ / ရှိပါက ဇနီးအမည် ....................

(၈) စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေ .........

..............................................

(၉) နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းအမှတ်နှင့် အီးမေးလ်လိပ်စာ. . . .

..............................................

..............................................

(ခ) မွေးစားမည့် မိခင် –

(၁) အမည် ..............................

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ....................

(၃) အသက်နှင့်မွေးသက္ကရာဇ် ........................

(၄) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ......................

(၅) ပညာအရည်အချင်း ..........................

(၆) ပျှမ်းမျှ ဝင်ငွေ / အလုပ်အကိုင် ........................

(၇) အိမ်ထောင် ရှိ မရှိ / ရှိပါက ခင်ပွန်းအမည် ..................

(၈) စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေ .........

..............................................

(၉) နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းအမှတ်နှင့် အီးမေးလ်လိပ်စာ ....

..............................................

..............................................

(ဂ) မွေးစားမည့် မိဘတို့နှင့် အတူနေ မိသားစုဝင်များ–

(၁) အမည် ...................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ......................

အသက်နှင့်မွေးသက္ကရာဇ် ..........................

လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ......................

တော်စပ်ပုံ ....................................

(၂) အမည် ...................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ......................

အသက်နှင့်မွေးသက္ကရာဇ် ..........................

လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ......................

တော်စပ်ပုံ ....................................

(၃) အမည် ...................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ......................

အသက်နှင့်မွေးသက္ကရာဇ် ..........................

လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ......................

တော်စပ်ပုံ ....................................

(၄) အမည် ...................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ......................

အသက်နှင့်မွေးသက္ကရာဇ် ..........................

လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ......................

တော်စပ်ပုံ ....................................

(၅) အမည် ...................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ......................

အသက်နှင့်မွေးသက္ကရာဇ် ......................................

လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ .................................

တော်စပ်ပုံ ..................................................

(ဃ) မွေးစားမည့် ကလေးသူငယ်၏

(၁) အမည် (ရှိလျှင်) ............................................

(၂) အသက် / မွေးသက္ကရာဇ် (သိလျှင်) ..............................

(၃) ကျား / မ ...................................................

(၄) လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ကလေးပြုစုရေးဌာန တည်နေရာလိပ်စာမှ ကလေးသူငယ် ...............................

(၅) ပရဟိတဂေဟာ အမည် / တည်နေရာလိပ်စာမှ ကလေးသူငယ် ....

..................................................................

(၆) ဆေးရုံ ဆေးခန်း အမည် / တည်နေရာလိပ်စာမှ ကလေးသူငယ် ...

..................................................................

(၇) စွန့်ပစ် နေရာ / တည်နေရာလိပ်စာမှ ကလေးသူငယ် ...........

..................................................................

(င) မွေးစားကလေး၏ မိဘအရင်း (သိရှိခဲ့လျှင်) -

(၁) ဖခင်ရင်း

အမည် ..........................................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..........................

အသက်နှင့်မွေးသက္ကရာဇ် ......................................

လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ .................................

(၂) မိခင်အရင်း

အမည် ........................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ........................

အသက်နှင့်မွေးသက္ကရာဇ် ..............................

လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ..........................

(၃) မိဘအရင်း ၏ ပျှမ်းမျှ ဝင်ငွေ / အလုပ်အကိုင် ................

..........................................

(၄) မိဘအရင်း အတူနေသည် / ကွဲကွာနေသည် / ကွာရှင်းပြီးဖြစ်သည်

..........................................

..........................................

(၅) မိဘအရင်း၏ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းအမှတ် နှင့် အီးမေးလ် လိပ်စာ ..............................

..........................................

..........................................

၂။ လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ထားသော မွေးစားမိဘ၏ တာဝန်နှင့် စည်းကမ်းချက်များ သို့မဟုတ် တားမြစ်ချက်များ ကိုတိကျစွာ လိုက်နာဆောင်ရွက်မည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

၃။ မွေးစားခွင့်ပြုရန် လျှောက်လွှာ (ပုံစံ-က) နှင့်အတူ အောက်ပါ အထောက်အထားများကို ပူးတွဲတင်ပြအပ်ပါသည်-

(က) မွေးစားစာချုပ်၊

(ခ) မွေးစားမိဘများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊

(ဂ) ကလေးသူငယ်၏ မွေးစာရင်းမိတ္တူ (ရှိလျှင်)၊

(ဃ) မွေးစားမိဘ၏ ကျန်းမာရေး ကောင်းမွန်ကြောင်း မှတ်ပုံတင်ဆရာဝန်၏ ဆေးထောက်ခံချက်၊

(င) မွေးစားမိဘများ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်း ထောက်ခံစာ၊

(စ) မွေးစားမိဘများကျေးရွာအုပ်စု၊ ရပ်ကွက်အတွင်း နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ၊

(ဆ) မွေးစားမိဘများ၏ ပိုင်ဆိုင်မှု၊ ဝင်ငွေနှင့် စီးပွားရေးအခြေအနေ အလုပ်အကိုင် အထောက်အထားမိတ္တူ။

မွေးစားမည့် ဖခင်လက်မှတ် .............. မွေးစားမည့်မိခင်လက်မှတ် ...........

မွေးစားမည့် ဖခင် အမည် .................. မွေးစားမည့် မိခင် အမည် ..........

လျှောက်ထားသူများ

(ဂ) ကလေးသူငယ်၏ မွေးစာရင်းမိတ္တူ (ရှိလျှင်)၊

(ဃ) မွေးစားမိဘ၏ ကျန်းမာရေး ကောင်းမွန်ကြောင်း မှတ်ပုံတင်ဆရာဝန်၏ ဆေးထောက်ခံချက်၊

(င) မွေးစားမိဘများ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်း ထောက်ခံစာ၊

(စ) မွေးစားမိဘများကျေးရွာအုပ်စု၊ ရပ်ကွက်အတွင်း နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ၊

(ဆ) မွေးစားမိဘများ၏ ပိုင်ဆိုင်မှု၊ ဝင်ငွေနှင့် စီးပွားရေးအခြေအနေ အလုပ်အကိုင် အထောက်အထားမိတ္တူ။

မွေးစားမည့် ဖခင်လက်မှတ် .............. မွေးစားမည့်မိခင်လက်မှတ် ...........

မွေးစားမည့် ဖခင် အမည် .................. မွေးစားမည့် မိခင် အမည် ..........

လျှောက်ထားသူများ

| |
|---|
| ၁၅၀ ကျပ်တန် အခွန်တံဆိပ်ခေါင်း<br><br>(Revenue Stamp Ks. 150) |

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

**မွေးစား စာချုပ်**

ဤမွေးစား စာချုပ်ကို ..............................ရက်နေ့တွင် ချုပ်ဆိုပြီး .................. တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံတွင် မှတ်ပုံတင်ကြပါသည်။

မွေးစားမိဘ။ (၁) ဦး ............................................

အသက် ( ) နှစ်၊ မွေးသက္ကရာဇ် ....................

နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ......................

လူမျိုး/ ဘာသာ.........................................

နေရပ်လိပ်စာ ............................................

(၂) ဒေါ် ............................................

အသက် ( ) နှစ်၊ မွေးသက္ကရာဇ် ....................

နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ......................

လူမျိုး/ ဘာသာ.........................................

နေရပ်လိပ်စာ ............................................

............................................................

မိဘအရင်း ။ (၁) ဦး ............................................

(သို့မဟုတ်) အသက် ( ) နှစ်၊ မွေးသက္ကရာဇ် ....................

အုပ်ထိန်းသူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ......................

လူမျိုး/ ဘာသာ.........................................

နေရပ်လိပ်စာ ............................................

(၂) ဒေါ် ............................................

အသက် ( ) နှစ်၊ မွေးသက္ကရာဇ် ....................

နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ......................

လူမျိုး/ ဘာသာ........................................

နေရပ်လိပ်စာ........................................

မွေးစားခြင်းခံရသူ။ မောင်/ မ........................................

အသက် (    ) လ/ နှစ်၊ မွေးသက္ကရာဇ်........................

နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် (ရှိလျှင်).........................

လူမျိုး/ ဘာသာ........................................

မွေးစားခြင်း ခံရသူ၏ လက်ရှိနေရပ်လိပ်စာ........................

........................................

........................................

၁။ အထက်အမည်ပါ မွေးစားမိဘက မွေးစားခြင်းခံရသူ၏ မိဘအရင်းတို့ သဘောတူညီချက်ဖြင့်(ရှိလျှင်) မွေးစားခြင်းခံရသူအား ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာဥပဒေနှင့်အညီ ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများကို ဖြည့်ဆည်းပေးနိုင်ရန် အလို့ငှာ မွေးစားစာချုပ်ချုပ်ဆိုခြင်း ဖြစ်ပါသည်။

၂။ မွေးစားမိဘသည် မွေးစားခြင်းခံရသူ ကလေးသူငယ်၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးတို့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှု၍ မိဘအရင်း သဖွယ် ပြုစု စောင့်ရှောက်ကြမည် ဖြစ်ပါသည်။

၃။ မွေးစားခြင်းခံရသူမှာ အသက် (    ) နှစ်ပြည့်ပြီး အသိဉာဏ်နှင့် အမြော်အမြင်ဆင်ခြင်တုံ တရားရှိသူဖြစ်၍ မွေးစားမိဘထံတွင် မွေးစားသား သို့မဟုတ် မွေးစားသမီးအဖြစ်ပြုစုစောင့်ရှောက်ခြင်း ခံယူရန် ဆန္ဒရှိပါသည်။ (မွေးစားခြင်းခံရသူက အသက် (၁၀) နှစ်ပြည့်ပြီး အသိဉာဏ်နှင့်အမြော် အမြင် ဆင်ခြင်တုံတရားရှိသူအတွက်)

၄။ မွေးစားစာချုပ်ကို မှတ်ပုံတင်ပြီးသည့်အခါ မွေးစားခြင်းခံရသူ၏ မိဘအရင်း နှင့် အုပ်ထိန်းသူများတွင် ရှိခဲ့သော အခွင့်အရေးနှင့် တာဝန်များ ရပ်ဆိုင်းပြီး ဖြစ်သည်ကို လည်းကောင်း၊ မွေးစားသား သို့မဟုတ် မွေးစားသမီးသည် မွေးစားမိဘနှင့် သက်ဆိုင်သည့် ဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အမွေဆက်ခံခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ လင်

မယားကွာရှင်းခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ ပြန်လည်ပေါင်းသင်း ခြင်း၊ စားစရိတ် တောင်းခံခြင်း၊ ပေးကမ်းခြင်း၊ ဦးစွာဝယ်ယူ ပိုင်ခွင့်ရှိခြင်း စသည့် အခွင့် အရေးနှင့် တာဝန်များ ရှိသည်ကို လည်းကောင်း သိရှိနားလည်ကြပါသည်။

၅။ မွေးစားမိဘသည် လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ထားသော မွေးစားမိဘ၏ တာဝန် နှင့် စည်းကမ်းချက်များ သို့မဟုတ် တားမြစ်ချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

၆။ ဤမွေးစားစာချုပ်ကို ချုပ်ဆိုကြရာတွင် မည်သူတစ်ဦးတစ်ယောက်၏ သွေးဆောင်ဖြားယောင်းခြင်း၊ တိုက်တွန်းခြင်း၊ အနိုင်အထက်ပြုခြင်းတို့ လုံးဝမရှိဘဲ မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အောက်ပါ အသိသက်သေများရှေ့တွင် ချုပ်ဆို၍ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိထံတွင် မှတ်ပုံတင်ကြပါသည်။

(၁) ဦး...................... (၂) ဒေါ်......................

မွေးစားမိဘ

(၁) ဦး...................... (၂) ဒေါ်......................

မွေးစားခြင်းခံရသူ၏ မိခင်အရင်း၊ ဖခင်အရင်း သို့မဟုတ် အုပ်ထိန်းသူ (မိဘအရင်းမရှိပါက)

အသိသက်သေများ

(၁) ...................... (၂) ......................

...................... ......................

မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိ

ရုံးတံဆိပ်ဝိုင်း

လက်မှတ် ____________________

အမည် ____________________

ရာထူး ____________________

ဌာန ____________________

ရက်စွဲ ____________________

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လူမှုဝန်ထမ်းဦးစီးဌာန

-------------------------တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံး

-------------------------တိုင်းဒေသကြီး/ပြည်နယ်

-------------------------မြို့

## ကလေးမွေးစားခွင့်ပြုသည့် အမိန့်

ရက်စွဲ၊ -------------------

၁။ -----------------တိုင်းဒေသကြီး/ပြည်နယ်၊ ---------------ခရိုင်၊ ------------မြို့၊(-----------------ရပ်ကွက်/ကျေးရွာ၊ -----------------လမ်း၊အမှတ်( ) တွင်နေထိုင်သည့် ဦး-------------၊ မှတ်ပုံတင်အမှတ် -------------------------နှင့် ဒေါ်-------------၊မှတ်ပုံတင်အမှတ်---------------------တို့သည်ကလေးငယ် -----------------၊အသက်--------၊ကျား/မ------အား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ----------အရ မွေးစားစာချုပ်ချုပ်ဆိုပြီး သက်ဆိုင်ရာ လူမှုဝန်ထမ်းဦးစီးမှူးရုံးတွင် မှတ်ပုံတင်အမှတ်---------------ဖြင့် မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

၂။ မွေးစားမည့် မိဘများသည် ပူးတွဲပါ မိဘများလိုက်နာရမည့် တာဝန်နှင့် စည်းကမ်းချက်များ (သို့မဟုတ်) တားမြစ်ချက်များကို သိရှိလိုက်နာမည်ဖြစ်ကြောင်း မွေးစားစာချုပ်တွင် ဝန်ခံကတိပြုပြီးဖြစ်၍---------------------ရက်နေ့မှစတင်၍ မွေးစားခွင့်ပြုလိုက်သည်။

| ရုံးတံဆိပ်ဝိုင်း |
|---|
| |

လက်မှတ် ---------------

အမည် ----------------

ရာထူး ----------------

မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိ

-------------တိုင်းဒေသကြီး/ပြည်နယ်